# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
# တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၆) နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| ဒုတိယဦးစီးမှူး | ၆ နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် လျှောက်လွှာတင်သည့်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ် (အစိုးရဝန်ထမ်းဖြစ်ပါက အသက် (၄၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။

( င ) **နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။**

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Website: www.moea.gov.mm တွင်လည်း ကြေညာထားမည် ဖြစ်ပြီး download ရယူနိုင်ပါသည်။
လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ (ပူးတွဲ)ပါရှိရမည်-

(က) ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှု အရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)

( ခ )  ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း (တစ်လအတွင်း)

( ဂ )  လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ မူရင်း

(ဃ)  နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

( င )  ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

( စ )  နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း

(ဆ)  စာမေးပွဲဝင်ကြေးငွေကျပ် ၃၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း

( ဇ )  ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ (ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၅။ လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပါက မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူ ဖြစ်ရမည်။

၆။ စာမေးပွဲဝင်ကြေးကျပ် ၃၀၀၀/-(ကျပ် သုံးထောင်တိတိ) ကို မြို့နယ်များမှ လျှောက်ထား သူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲ လက်မှတ်ပြုလုပ်၍ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) ငွေစာရင်းအမှတ်(MD-013653)သို့ ပေးသွင်းရမည်။

၇။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ (၂၃-၁-၂၀၂၆) ရက်နေ့အထိ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထား ရမည်။

၈။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမှု ပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရသူများ၏အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ တိုင်းရင်းသားအခွင့်

အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ကြော်ငြာသင်ပုန်း၊ Website: moea.gov.mm တွင် ကြေညာပေးထားမည် ဖြစ်ပါသည်။

၁၀။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ် (၂)ခုကို ဖြေဆိုရမည်-

(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ

၁၁။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း (၀၆၇-၃၄၀၉၅၄၆)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန**

**လျှောက်လွှာပုံစံ**

| | | |
|---|---|---|
| ၁။ | အမည် | _____________________ |
| ၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | _____________________ |
| ၃။ | အသက်/မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်) | _____________________ |
| ၄။ | လူမျိုး/ ကိုးကွယ်သည့် ဘာသာ | _____________________ |
| ၅။ | သွေးအုပ်စု/ထင်ရှားသည့်အမှတ်အသား | _____________________ |
| ၆။ | ပညာအရည်အချင်း၊ | _____________________ |
| | အောင်မြင်သည့်ခုနှစ် | _____________________ |
| ၇။ | လျှောက်ထားလိုသည့်ရာထူး | _____________________ |
| ၈။ | အဘအမည် | _____________________ |
| | (က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | _____________________ |
| | ( ခ) အလုပ်အကိုင် | _____________________ |
| ၉။ | အမိအမည် | _____________________ |
| | (က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | _____________________ |
| | ( ခ) အလုပ်အကိုင် | _____________________ |
| ၁၀။ | နိုင်ငံ့ဝန်ထမ်းဖြစ်ပါက | _____________________ |
| | (က) လက်ရှိရာထူး | _____________________ |
| | ( ခ) ဌာန | _____________________ |
| ၁၁။ | အိမ်ထောင်ရှိ/မရှိ | _____________________ |
| | | _____________________ |
| ၁၂။ | အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံဖုန်းနံပါတ် | _____________________ |
| | | _____________________ |
| ၁၃။ | ထိုးမြဲလက်မှတ် | _____________________ |

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတွင်**

**လစ်လပ်လျက်ရှိသည့် ဒုတိယဦးစီးမှူးအဆင့်ရာထူး (၆) နေရာအတွက်**

**ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲအတွက် လေ့လာရမည့်အချက်များ**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပါ တိုင်းရင်းသားရေးရာဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

၂။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် နည်းဥပဒေ

၃။ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊

၄။ ဖြေဆိုမည့် ရက်မတိုင်မီ (၁၀) ရက်အတွင်း နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာများတွင် ပါရှိသည့် အကြီးအကဲ လမ်းညွှန်ချက်များ၊ မိန့်ခွန်းများ၊ နိုင်ငံတော်အတွင်း ထူးခြားသည့် ဖြစ်စဉ်များကို လေ့လာဖတ်ရှုရန်၊

၅။ အင်္ဂလိပ်ဘာသာရပ်ဖြေဆိုရန်အတွက် တက္ကသိုလ်ဝင်တန်းအဆင့် အင်္ဂလိပ်စာ လေ့လာရန်။